# Global Storybooks

globalstorybooks.net

## ဆင်းဘက်ဝဲ

✎ Rukia Nantale
Benjamin Mitchley
Naw Thazin Hpway

This work is licensed under a Creative Commons Attribution 3.0 International License.
https://creativecommons.org/licenses/by/3.0

# ဆင်းဘက်ဝဲ

✎ Rukia Nantale
Benjamin Mitchley
Naw Thazin Hpway

5

မြန်မာဘာသာ my

ဆင်းဘက်ဝဲရဲ့အမေဆုံးသွာတော့ သူတော်တော်ဝမ်းနည်းပါတယ်။ ဆင်းဘက်ဝဲရဲ့အဖေဟာ သူ့သမီးကို အကောင်းဆုံးစောင့်ရှောက်ပါတယ်။ တဖြည်းဖြည်းနဲ့ ဆင်းလက်ဝဲအမေမရှိလည်း သူတို့ဘာသာပျော်အောင် ခံစားတတ်လာပါတယ်။ မနက်တိုင်းမှာ သူတို့ဟာ တူတူထိုင်ပြီးအရင်နေ့ကအကြောင်းကို ပြောကပြါတယ်။ ညနေခင်းမှာ သူတို့ဟာ ညနေစာ တူတူပြင်ဆင်ပါတယ်။ သူတို့ဟာ ပန်းကန်ဆေးပြီးတဲ့အခါ ဆင်းဘက်ဝဲရဲ့အဖေဟာ သူ့ရဲ့အိမ်စာကို ကူလုပ်ပါတယ်။

တစ်နေ့မှာ ဆင်းဘက်ဝဲရဲ့အဖေဟာ ပုံမှာထက်အိမ်ကိုနောက်ကျမှရောက်လာပါတယ်။ “သမီးလေးရေ ဘယ်မှာလဲလို့” ခေါ်လိုက်ပါတယ်။ ဆင်းဘက်ဝဲဟာ သူ့အဖေဆီပြေးလာပါတယ်။ အဖေဟာ အခြားအမျိုးသမီးတစ်ယောက်ရဲ့ လက်ကိုကိုင်ထားတာတွေ့တော့ သူရပ်လိုက်ပါတယ်။ သူ့အဖေကပုံ ပြီး “သမီးနဲ့အထူးတလည်တွေ့စေချင်တဲ့သူတစ်ဦးရှိပါတယ်။ သူက အနီတာပါ” လို့ပုံပြောပြောလိုက်တယ်။

“ဟယ်လို ဆင်းဘက်ဝဲ အဖေကသမီးအကြောင်းကို အများကြီးပြောပြထားတယ်။” လို့ အနီတာက နှုတ်ဆက်လိုက်ပါတယ်။ ဒါပေမယ့်သူက ပြုံးမပြသလို ကောင်မလေးကိုလည်း လက်ဆွဲနှုတ်ဆက်တာမျိုးမလုပ်ပါဘူး။ ဆင်းဘက်ဝဲရဲ့ အဖေကတော့ ပျော်ရွှင်နေပြီးစိတ်လှုပ်ရှားနေပါတယ်။ သူဟာ သူတို့သုံးယောက်အတူနေထိုင်ဖို့နဲ့ ဘဝကဘယ်လိုကောင်းလာမလဲဆိုတာတွေကိုလည်း ပြောပါတယ်။ “သမီးရေ အနီတာကို သမီးရဲ့အမေအဖြစ်လက်ခံမယ်လို အဖေမျှော်လင့်ပါတယ်” လို့သူကပြောတယ်။



နောက်အပတ်မှာတော့ အနီတာဟာ ဆင်းဘက်ဝဲရယ်၊ သူ့အဒေါ်ရယ်နဲ့ သူ့ရဲ့တစ်ဝမ်းခွဲတွေကို အိမ်မှာလာစားသောက်ကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်။ တကယ့်စားပွဲတော်ပါဘဲ။ အနီတာဟာ ဆင်းဘက်ဝဲအကြိုက်ဆုံးအစားအသောက်တွေကို ပြင်ဆင်ထားပြီးလူတိုင်းဟာ သူတို့ဗိုက်ဝတဲ့အထိ စားသောက်ကြပါတယ်။ အဲ့ဒီနောက်တော့ လူကြီးတွေစကားပြောတဲ့အချိန်မှာ ကလေးတွေဟောပြေးလွှားဆော့ကစားနေကြပါတယ်။ ဆင်းဘက်ဝဲဟာ ပျော်ရွှင်ပြီးသတ္တိရှိလာတယ်လို့ခံစားရပါတယ်။ သူဟာ သူ့အဖေနဲ့ သူ့ရဲ့မိထွေးတို့နဲ့တူတူနေဖို့အတွက် သိပ်မကြာခင်အချိန်မှာ အိမ်ပြန်လာဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သူ့အဖေဟာ သူ့ဆီကိုနေ့တိုင်း လာပါတယ်။ နောက်ဆုံးတော့ သူဟာ အနီတာကိုပါခေါ်လာခဲ့ပါတယ်။ သူဟာအနီတာရဲ့လက်ကိုကိုင်ပြီး“တောင်းပန်ပါတယ်ကလေးရယ်၊ အန်တီမှားသွားတယ်၊ အန်တီ့ကို နောက်တစ်ခေါက်ကြိုးစားခွင့် ပေးမလား” လို့ပြောပြီးငိုပါတယ်။ ဆင်းဘက်ဝဲဟာ သူ့အဖေရဲ့စိတ်ပူနေတဲ့ မျက်နှာကိုကြည့်လိုက်ပါတယ်။ သူဟာ ရှေ့ကိုဖြည်းဖြည်းချင်းတိုးကြီးအနီတာကိုသူ့ရဲ့ လက်နဲ့ဖက်လိုက်ပါတယ်။



ဆင်းဘက်ဝဲရဲ့ဘဝဟာ ပြောင်းလဲသွားပါတယ်။ မနက်ခင်းတွေမှာ သူ့အဖေနဲ့တူတူထိုင်တဲ့အချိန်မရှိတော့ပါဘူး။ အနီဟာ သူ့ကိုအိမ်အလုပ်တွေအများကြီးခိုင်းတာမို့လို့ ကျောင်းကပေးလိုက်တဲ့အိမ်စာတွေကိုလုပ်ဖို့အတွက် ပင်ပန်းသွားပါပြီ။ညနေစာစားပြီးတာနဲ့ သူဟာအိပ်ရာထဲကိုဘဲ သွားပါတယ်။ သူ့ရဲ့တစ်ခုတည်းသော နှစ်သိမ့်မှုကတော့ သူ့အမေချန်ထားပေးတဲ့ ရောင်စုံစောင်လေးတစ်ထည်ပါဘဲ။ ဆင်းဘက်ဝဲရဲ့အဖေကတော့ သူ့သမီးမပျော်ရွှင်နေတာကို သတိမထားမိပါဘူး။

လအနည်းငယ်ကတော့ ဆင်းဘက်ဝဲရဲ့အဖေက သူ
အိမ်ရဲ့အဝေးကိုခနသွားဖို့ သူတို့ကိုပြောပါတယ်။
“ငါအလုပ်ကိစ္စနဲ့ခရီးသွားရဖို့ရှိတယ်။ ဒါပေမယ့်
တစ်ဦးနဲ့တစ်ဦး ဂရုစိုက်ကမြယ်ဆိုတာ သိပါတယ်”
လို့ပြောပါတယ်။ ဆင်းဘက်ဝဲရဲ့မျက်နှာညှိုးသွား
ပါတယ် ဒါပေမယ့် သူ့အဖေက သတိမထားမိလို
က်ပါဘူး။ အနီတာကလည်း ဘာမှမပြောပါဘူး။
သူလည်း မပျော်ရွှင်ပါဘူး။



ဆင်းဘက်ဝဲဟာ သူ့ရဲ့ တစ်ဝမ်းကွဲတွေနဲ့ ဆော့နေ
တဲ့အချိန်သူ့အဖေအဝေးကနေလာတာ တွေ့လို
က်ပါတယ်။ သူ့အဖေစိတ်ဆိုးမှာအရမ်းကြောက်ပြီး
အိမ်ထဲမှာ ဝင်ပုန်းနေပါတယ်။ ဒါပေမယ့် သူ့အဖေ
ဟာ သူ့အနားလာပြီး“ဆင်းဘက်ဝဲ၊ သမီးမှာ သမီး
အတွက်ပြည့်စုံတဲ့အမေကို သမီးကိုယ်တိုင် ရှာတွေ့
ပြီးပါပြီ။ သမီးကိုချစ်ပြီးသမီးအပေါ် နားလည်ပေး
တဲ့သူပေါ့။ သမီးအတွက်အရမ်းဂုဏ်ယူပြီးသမီး
ကိုချစ်ပါတယ်” လို့ပြောလိုက်ပါတယ်။ သူတို့ဟာ
ဆင်းဘက်ဝဲပျော်သလောက် သူ့ဒေါ်ဆီမှာနေဖို့အ
တွက် သဘောတူလိုက်ပါတယ်။

ဆင်းဘက်ဝဲရဲ့အဖေဟာအိမ်ပြန်ရောက်တဲ့အခါ သူ့ရဲ့အခန်းဘာမှမရှိတာကို သတိထားမိလိုက်တယ်။ “ဘာတွေဖြစ်ခဲ့တာလည်း အနီတာ” လို့ လေးလံတဲ့နှလုံးသားနဲ့ မေးလိုက်ပါတယ်။ အဲ့ဒီအမျိုးသမီးက ဆင်းဘက်ဝဲထွက်ပြေးသွားကြောင်း ပြောပါတယ်။ “ကျွန်မက သူကျွန်မအပေါ်လေးစားစေချင်ခဲ့တာ၊ ဒါပေမယ့် ကျွန်မဘက်က အရမ်းတင်းကျပ်သွားတယ်ထင်တယ်” လို့ပြောပါတယ်။ ဆင်းဘက်ဝဲရဲ့အဖေဟာ အိမ်ကနေထွက်ပြီးစမ်းချောင်းဘက်ဦးတည်ရာကို လျှောက်လာခဲ့ပါတယ်။ သူဟာ သူ့ညီမရှိတဲ့ရွာဘက်ကိုလည်း သွားပြီးဆင်းဘက်ဝဲကိုတွေ့မိသလားလို့မေးဖို့ ဖြစ်ပါတယ်။



ဆင်းဘက်ဝဲရဲ့ဘဝဟာ ပိုပြီးဆိုးရွားလာပါတယ်။ သူ့ရဲ့အလုပ်တွေကိုမပြီးရင် သို့မဟုတ် ပြန်ချပေရင် အနီတာကသူ့ကိုရိုက်ပါတယ်။ ညနေစာစားတဲ့အခါမှာလည်း အဲ့ဒီအမျိုးသမီးဟာ အစားအစာအများဆုံးစားပြီးဆင်းဘက်ဝဲအတွက် အနည်းငယ်သာချန်ပေးပါတယ်။ ညတိုင်း ဆင်းဘက်ဝဲဟာ သူ့အမေချန်ထားပေးတဲ့ စောင်ကိုခြုံပြီးငိုပါတယ်။

တစ်နေ့မနက်မှာ ဆင်းဘက်ဝဲဟာ အိပ်ရာထနော
က်ကျပါတယ်။ “ငပျင်းမ” ဆိုပြီးအနီတာက
အော်လိုက်ပါတယ်။ သူဟာ ဆင်းဘတ်ဝဲကို အိ
ပ်ရာပေါ်ကနေ ဆွဲချသွားပါတယ်။ တန်ဖိုးရှိတဲ့စော
င်ဟာ သံနဲ့ချိတ်မိပြီးနှစ်ခြမ်းကွဲသွားပါတယ်။



ဆင်းဘက်ဝဲရဲ့ အဒေါ်ဟာ အဲ့ဒီကလေးကို သူ့ရဲ့အိ
မ်မှာ ခေါ်သွားပါတယ်။ သူဟာဆင်းဘတ်ဝဲကို အ
စားအသောက်ပူပူလေးတွေ ကျွေးပြီးသူ့အမေရဲ့
စောင်နဲ့ သူ့ကို အိပ်ရာထဲ သိပ်ပါတယ်။ အဲ့ဒီညမှာ
ဘဲ သူအိပ်ပျော်သွားတဲ့အခါ ဆင်းဘတ်ဝဲက ငို
ပါတယ်။ ဒါပေမယ့် အဲ့ဒါတွေဟာ သက်သာခြင်း
မျက်ရည်တွေပေါ်ဘဲ။ သူ့အဒေါ်ဟာ သူ့ကိုပြုစုစောင
့်ရှောက်မယ်ဆိုတာ သူသိနေပါတယ်။

အဲ့ဒီအမျိုးသမီးဟာ အပင်ပေါ်ကိုကြည့်လိုက်ပါတယ်။ သူဟာ ကောင်မလေးတစ်ယောက်ကို ရောင်စုံစောင်လေးနဲ့တွေ့တဲ့အခါ "ဆင်းဘက်ဝဲ၊ ငါ့အစ်ကိုရဲ့ကလေး" ဆိုပြီးငိုပါတယ်။ အခြားအမျိုးသမီးလေးတွေလည်း အဝတ်လျှော်တာရပ်လိုက်ပြီးဆင်းဘက်ဝဲ သစ်ပင်ပေါ်ကနေ ဆင်းလာနိုင်အောင်ကူညီကပြပါတယ်။ သူ့ရဲ့အဒေါ်က သူ့ကိုဖက်ပြီးနှစ်သိမ့်ပေးပါတယ်။



ဆင်းဘက်ဝဲက အရမ်းကို စိတ်ဆိုးသွားပါတယ်။ သူဟာ အိမ်ကနေ ထွက်ပြေးဖို့အတွက် ဆုံးဖြတ်လိုက်ပါတယ်။ သူဟာအပိုင်းပိုင်းအစစဖြစ်သွားတဲ့သူ့အမေရဲ့စောင်ကိုယူ၊ အစားအသောက်တွေကိုထုပ်ပြီးအိမ်ကနေထွက်လာခဲ့ပါတယ်။ သူ့အဖေခေါ်လာနေကြလမ်းလေးအတိုင်း လျှောက်လာခဲ့ပါတယ်။

ညနေရောက်တဲ့အခါ စမ်းချောင်းလေးနားမှာရှိတဲ့သစ်ပင်မြင့်တစ်ပင်ပေါ်တက်ပြီးအကိုင်းတွေကိုသူ့အတွက် အိပ်ယာအဖြစ်လုပ်ပါတယ်။ သူအိပ်ပျော်သွားဖို့အတွက် “မေမေ၊ မေမေ၊ မေမေ သမီးကိုချန်ထားခဲ့တယ်။ သမီးကိုချန်ထားခဲ့ပြီးဘယ်တော့မှ မပြန်လာဘူး။ အဖေကသမီးကိုမချစ်တော့ဘူး။ အမေဘယ်တော့ပြန်လာမလဲ။ အမေသမီးကိုချန်ထားခဲ့တယ်” ဆိုပြီးသီချင်းဆိုနေပါတယ်။



နောက်နေ့မနက်မှာလည်း ဆင်းဘက်ဝဲဟာ အဲ့ဒီသီချင်းဘဲထပ်ခါထပ်ခါ ဆိုနေပါတယ်။ အမျိုးသမီးတွေဟာ စမ်းချောင်းမှာ အဝတ်လျှော်ဖို့အတွက်လာတဲ့အခါမှာ သူ့တို့ဟာ သစ်ပင်မြင့်ပေါ်ကဝမ်းနည်းဖွယ်ကောင်းတဲ့ သီချင်းဆိုသံကို ကြားလိုက်ရတယ်။ သူ့တို့က ဒီအသံဟာ သစ်ရွက်လေတိုးသံလို့ဘဲထင်ပြီးသူ့တို့အလုပ်ကို သူ့တို့ဆက်လုပ်ကပြါတယ်။ ဒါပေမယ့်အမျိုးသမီးတစ်ဦးဟာ သီချင်းသံကိုသေချာနားထောင်ပါတယ်။